# ထွန်းကျော်စွာဝင်း

## သောတာပန်မဖြစ်ကြလည်း
## လောကဓံကိုချစ်ရစမြဲ



DESIGN : KHALEL (09-2023248)

# စိတ်အကြည်ဓာတ်လေးသို့ စိတ်အကြည်ဓာတ်လေးမှ

ကျနော်ဟာ ကမ္ဘာကြီးဆီက ဘာမှ မရခဲ့တဲ့ ကြောင်မိုက်ကလေး တစ်ကောင်ပါ ကမ္ဘာမပတ်နိုင်လို့ ကဗျာတွေ ဖတ်ခဲ့တယ်။ ကမ္ဘာလောက်မတွေးနိုင်လို့ ကဗျာတွေ ရေးခဲ့တယ်။

စကားလုံးရုပ်ရှင်

Second Call

စိတ်သတ်ကွင်း

အခု "သောတာပန်မဖြစ်ကြလည်း လောကခံကိုချစ်ရစမြဲ"

"သောတာပန်မဖြစ်ကြလည်း လောကခံကိုချစ်ရစမြဲ" ဆိုတဲ့ စာအုပ်အပေါ် ကျနော် ရိုးရိုးရှင်းရှင်း တွေးထားတယ်။ ခင်ဗျားတို့ လည်း ရိုးရိုးရှင်းရှင်း ခံစားလို့ ရမှာ ပါ။ ခေတ်ပေါ်ကာလမှာ ကဗျာတစ်ပုဒ်ဖတ်ပြီး လူငယ်တွေကို ဘုံဆိုင်ထောင့်မှာ ထိုင်ကြေကွဲရတာမျိုး၊ အခန်းကျဉ်းလေးထဲ မှာ စီးကရက်တိုတွေနဲ့ မှောင်မိုက်စေတဲ့ ခံစားချက်မျိုး မပေးချင်တော့ဘူး။ တစ်ပုဒ်ဖတ်ပြီး ငြိမ့်ငြိမ့်လေး ပြုံးမိအောင် ကဗျာနဲ့ ပြုလုပ်ပေးချင်စိတ်ကြောင့် အမှောင်ခံစားချက်တွေ တတ်နိုင်သမျှ လျှော့ချထားတယ်။

သေချာတာက

ဖတ်ပြီးရင် တစ်စုံတစ်ယောက်ကို ပြေးတွေ့ချင်စိတ်

ဖတ်ပြီးရင် တစ်စုံတစ်ယောက်ကို ပြေးဖက်ချင်စိတ်

ဖတ်ပြီးရင် ကြည်နူးစေဖို့

ဖတ်ပြီးရင် စိတ်အကြည်ဓာတ်လေးရဖို့

ကျနော့် ရင်ဘတ်စက်ရုံက ထုတ်လုပ်ပေးလိုက်တဲ့

စိတ်ကြည်ဆေးဝါး တစ်ခုဖြစ်မယ်လို့

ယုံကြည် မျှော်လင့်ရင်း ...

"သောတာပန်မဖြစ်ကြလည်း

လောကခံကိုချစ်ရစမြဲ"

**ဆန်းကျော်စွာဝင်း**

*****

# ချောကလက်ဘူတာ

အိမ်ထောင်ရေးဟာ ပျော်စရာ ပင်လယ်ကြီးပေါ့

အချစ်က ဆားချက်

ကိုယ်က ငါးပက်မယ်

လမ်းကလေးထက် ဗန်းကလေးရွက်လို့

မင်း ဆားရောင်းထွက်ရင်

ကိုယ် ငါးပေါင်းချက်မယ် ။

အ လုပ်သွားမယ့် ကိုယ့်အတွက်

အချစ်က ဖိနပ်ပါတိုက်ပေးတော့

ကိုယ်က မနက်စာလိုက်ကျွေးမပေါ့

အိမ်ထောင်ရေးဟာ

လပြည့်ည ကောင်းကင်ကြီးပေါ့

အချစ်ရှေ့မှာ လက်ဖက်ပွဲလေး
ကိုယ့်မှာ ကျ ထန်းလျက်ခဲလေး
အဖိုးအိုနဲ့ ယုန်ကလေးဟာ
ကိုယ်တို့ ကို ရှက်သည်းဖြာငေးလို့ ။

လကလေး တိမ်ကြားပုန်းချိန်
အနမ်းတွေ ပက်ပက်စက်စက်ခြွေလာတော့
ညမွှေးပန်းတွေ အိမ်နား
လတ်လတ်ဆတ်ဆတ် ဝေတာပေါ့။

-

မင်း ဟင်းကောင်းချက်နေချိန်
ကိုယ် ခြင်းတောင်းရက်ပါ့မယ်

အချစ်က မြင်းလေးမွေး
ကိုယ်က သီချင်းလေးရေး
အိမ်ကလေးကို ဝါးပင်တွေ ခြံခတ်မယ်
ကိုယ်တို့ အများ မမြင်အောင် ရန်သတ်မယ်
မင်းကြောင့် လူတွင် ကျယ်လုပ်တဲ့
ရူဝံကြယ်စုတ်လေးဟာ

ကိုယ့်မှာ မပိုလည်း
မင်းလိုရင် ဖွဲ့ပေးမယ်။

တစ်ယောက်ကွက်လပ်
တစ်ယောက် ဖြည့်ရင်း
တစ်ယောက်ပင်ပန်းရင်
တစ်ယောက်ဝင်ထမ်းမယ် ။

အချစ်က spyဆို
ကိုယ်က ဝိုင်မို့
အချစ်က သောက်တော်ရေချမ်းကပ်ရင်
ကိုယ်က ဆီမီးပန်းကပ်တာမို့
မတရားမှုးကြလည်း အတူတူ
တရားထူးရလည်း အတူတူ။

ကိုယ့်မေတ္တာ
ကတ္တီပါချည်သားတစ်မျှ
သီတာမည်သားမကလို့
အချစ် ဆံနွယ်လေးကို

အပြစ် ရန်စွယ်ဘေးမထိစေလို

ကမ္ဘာတစ်ပတ် ကြည့် အချစ်ရယ်
(ကိုယ့်လို ခင်ပွန်း)
ဗလာနတ္တိ မရှိတယ် ။ ။

ဆန်းကျော်စွာဝင်း

*****

# ခရီးဖော်

ဘုရားဆုပန်ဖို့ မတန်တဲ့ ကောင်မို့
ယသော်ဓရာလို ပါရမီဖြည့်ဖက် မမျှော်ရဲဘူး

အောင်ခိုင့်ဘေးမှာ ဝါဝါအောင် ရှိသလိုမျိုး
ဂျိုကာ့ဘေး ဟာလေကွင်း ရှိသလိုမျိုး
ခရီးဖော်ရေ ...
ငါ့ဘေးမှာ မင်းကို ရှိစေချင်ရုံလေး

"သောတာပန် မဖြစ်ကြလည်း
လောကဓံကို ချစ်ရစမြဲ"

**ဆန်းကျော်စွာဝင်း**

*****